# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ၁၁ ရက်မြောက်နေ့ အစီအစဉ်
# [ ၃ - ၂ - ၂၀၁၅ ]
# (အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၁ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ကုမ္ပဏီမှတ်ပုံတင်နှင့် လုပ်ငန်းလိုင်စင်များ၊ ခွင့်ပြုချက်များ ထုတ်ပေးသော ဝန်ကြီးဌာနများအနေဖြင့် ၄င်းတို့ထုတ်ပေးသည့် ကုမ္ပဏီလုပ်ငန်း မှတ်ပုံတင်များ၊ လုပ်ငန်းလိုင်စင်များ၊ ခွင့်ပြုချက်များနှင့် စပ်လျဉ်းသည့် အသိပညာများကို ပြည်သူများ လွယ်လွယ်ကူကူ သိရှိနိုင်ရန် သတင်းအချက်အလက်များနှင့်လုပ်ထုံးများ ပေါင်းချုပ်ကို ပြုစုထုတ်ဝေပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **တိုက်ကြီးမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ ပျဉ်းမသျှိ ကျေးရွာနှင့် ဆင်စခန်းကျေးရွာ၊ ရွှေမင်းဝံကျေးရွာ၊ တဘူးရေသိုးအုပ်စုရွာများနှင့် စားကျက်/ပလပ်မြေများတွင် နှစ်ပေါင်းများစွာနေထိုင်ခဲ့သော ဥပ္ပုံအုပ်စု၊ အေးသုခကျေးရွာတို့ကို ရွာမြေများ အဖြစ် စနစ်တကျစိစစ်တိုင်းတာ သတ်မှတ်ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်သား ကိုယ်စားလှယ်၏ **မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO, INGOs) နှင့်ပတ်သက်၍ သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **ရန်ကုန်တိုင်းဒေသကြီးရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ အခြေအနေနှင့် ပတ်သက်၍ သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ **ရသေ့တောင် မြို့နယ်၏ ပင်လယ်ကမ်းခြေနှင့် ကျွန်းများပေါ်ရှိ တံငါကျေးရွာများအား ပြန်လည်တည်ဆောက်ပေးရန်နှင့် ၎င်းတို့၏ လုံခြုံရေး၊ ရေလုပ်ငန်း ပြန်လည် ဖွံ့ဖြိုးလာရေးနှင့် ဆိပ်ကမ်းတည်ဆောက်ရေးတို့ကိုလည်း ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွား ကောင်စီ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၀။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၁၁ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၁၂ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။